ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

စတုတ္ထနေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်**

**( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၆.၀၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးတင်မြင့်၊ ပဲခူး(၃)၊ ကျန်းမာရေး။ ဦးစံပြည့်၊ ကချင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမန်းကံညွှန့်၊ ကရင်(၂)၊ တရားရုံးကိစ္စများဆောင်ရွက်ရန်။ ဒုတိယဗိုလ်မှူးကြီးမင်းသူ၊ တပ်မတော်၊ ကျန်းမာရေး။ ဗိုလ်မှူးမျိုးမောင်သိန်း၊ တပ်မတော်၊ ကျန်းမာရေး။ ဦးဂမ်ဆိုင်း၊ ကချင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝေ့ယိန်း၊ ချင်း(၁၁)၊ ကျန်းမာရေး။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ကျန်းမာရေး။ ဦးအောင်ကြည်ညွှန့်၊ မကွေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကျန်းမာရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၈)

ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၀)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက တစ်ပိုဒ်ချင်းတင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ အပိုဒ် ၂(က)(ဃ)(င)(စ)(ဆ)(ဇ)(ဈ)နဲ့ (ဠ) တို့ကို တင်ပြမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်- အပိုဒ် ၂(က)(ဃ)(င)(စ)(ဆ)(ဇ)(ဈ)(ဠ)

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သော ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ ကိုယ်ပိုင်

အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို ဆိုသည်။

(ဃ) ဥက္ကဋ္ဌ ဆိုသည်မှာ သက်ဆိုင်သည့် ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့၏ ဥက္ကဋ္ဌကို ဆိုသည်။

( င ) ရှေ့နေ ဆိုသည်မှာ တရားလွှတ်တော် ရှေ့နေ သို့မဟုတ် အထက်တန်း ရှေ့နေကို ဆိုသည်။

( စ ) ဥပဒေဆိုင်ရာ အထောက်အကူပေးသူ ဆိုသည်မှာ ဥပဒေဆိုင်ရာ အထောက်အကူပေးသည့် ရှေ့နေ သို့မဟုတ် ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာ အထောက်အကူ ပေးသူကို ဆိုသည်။

(ဆ) ဥပဒေဆိုင်ရာ အထောက်အကူပေးသည့် ရှေ့နေ ဆိုသည်မှာ ဥပဒေဆိုင်ရာ အကူအညီပေးရန် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တွင် ဆောင်ရွက်သော ရှေ့နေ၊ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့က တာဝန်ပေးအပ်သည့် ရှေ့နေ သို့မဟုတ် ငှားရမ်းသည့် ရှေ့နေကို ဆိုသည်။

( ဇ ) ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးသူဆိုသည်မှာ ဥပဒေဆိုင်ရာ အထောက်အကူပေးသည့် ရှေ့နေ၏ ကြီးကြပ်မှုဖြင့် အခမဲ့ ဥပဒေအကြံပေးခြင်းနှင့် ဥပဒေဆိုင်ရာ အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က တရားဝင် အသိအမှတ်ပြု၍ တာဝန်ပေးအပ်ထားသူကို ဆိုသည်။

(ဈ) ဆင်းရဲနွမ်းပါးသူ ဆိုသည်မှာ ပြစ်မှုဆိုင်ရာ မှုခင်းကိစ္စများတွင် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး အတွက် ရှေ့နေငှားရန် ငွေကြေး မပြည့်စုံကြောင်း ဤဥပဒေအရ သတ်မှတ်ခြင်းခံရသူကို ဆိုသည်။

(ည) မသန်စွမ်းသူ ဆိုသည်မှာ မွေးရာပါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည် ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များကို ရေရှည် ခံစားနေရသူကိုဆိုသည်။ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု တင်ပြသွားတဲ့ ပြင်ဆင်ချက်များကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(ဂ)(ဃ)(င)(စ)(ဆ)(ဇ)(ဈ)(ဋ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(ဂ)(ဃ)(င)(စ)(ဆ)(ဇ)(ဈ)(ဋ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ ဆက်လက်တင်ပြပါ။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းရဲ့ အပိုဒ် ၃(င)ကို တင်ပြမှာ ဖြစ်ပါတယ်။

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(င) ပြစ်မှုဆိုင်ရာ စုံစမ်းထောက်လှမ်းမှုနှင့် စုံစမ်းစစ်ဆေးမှု ပြုလုပ်စဉ် ကာလအတွင်း ရဲအချုပ်နှင့် အကျဉ်းထောင်များ၌ မလိုလားအပ်သော ဖမ်းဆီးချုပ်နှောင်သည့် ကာလလျော့ကျစေရန်နှင့် ဥပဒေနှင့်မညီသော ဖမ်းဆီးချုပ်နှောင်မှုများ ပပျောက်စေရန်ဆိုတဲ့ ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃(င) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃(င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းရဲ့အပိုဒ် ၄(စ)ကို တင်ပြပါမယ်။

၄။ ဤဥပဒေ၏ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်-

(စ) ဥပဒေဆိုင်ရာ အထောက်အကူ တောင်းခံခွင့်ရှိသူများကို လူမျိုး၊ ကိုးကွယ်ရာ ဘာသာ၊ ယုံကြည်မှု၊ အသက် အရွယ်၊ ကျား၊ မ၊ နိုင်ငံသား မခွဲခြားဘဲ ဥပဒေဆိုင်ရာ

အထောက်အကူပေးရေးဆိုတဲ့ ပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄(စ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄(စ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ဥပဒေကြမ်းရဲ့ အပိုဒ် ၅(ခ)(ဂ)(ဃ)(င)(ဆ)(ဇ)(ဈ)နဲ့ အပိုဒ် ၆ (င)(ည)(ဋ)တို့ကို တင်ပြမှာ ဖြစ်ပါတယ်။

၅။ ပြည်ထောင်စုတရားသူကြီးချုပ်သည် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (ခ) | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ညွှန်ကြားရေးမှူးရာထူးအောက် မနိမ့်သောကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုရှေ့နေချုပ်မှ ရွေးချယ်တာဝန်ပေးအပ်သည့်ညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သောပြည်ထောင်စုရှေ့နေချုပ်ရုံးမှကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဃ) | ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကတာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူးရာထူးအောက် မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ | အဖွဲ့ဝင် |
| (င) | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန၊ပြည်ထောင်စုဝန်ကြီးက | အဖွဲ့ဝင် |

ရွေးချယ်တာဝန်ပေးအပ်သည့်
ညွှန်ကြားရေးမှူးရာထူးအောက်
မနိမ့်သော ကိုယ်စားလှယ်တစ်ဦး

(ဆ) လူမှုအဖွဲ့အစည်းများနှင့်အစိုးရ
မဟုတ်သောအဖွဲ့များမှဥပဒေဆိုင်ရာ
အထောက်အကူပေးရေးလုပ်ငန်းများ
နှင့်ပတ်သက်သည့်အတွေ့အကြုံ
ဗဟုသုတရှိသော ကိုယ်စားလှယ်နှစ်ဦး၊ — အဖွဲ့ဝင်များ

(ဇ) အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုး
တိုးတက်မှုဝန်ကြီးဌာန၊နိုင်ငံခြားစီးပွား
ဆက်သွယ်ရေးဦးစီးဌာနမှ
ညွှန်ကြားရေးမှူးရာထူးအောက်
မနိမ့်သောကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဈ) မြန်မာနိုင်ငံတရားလွှတ်တော်ရှေ့နေများ
ကောင်စီမှအမည်စာရင်းတင်သွင်းပြီး၊
ပြည်ထောင်စုတရားသူကြီးချုပ်က
အတည်ပြုသောတရားလွှတ်တော်
ရှေ့နေအဖြစ်၁၅နှစ်အောက်မနည်း
အမှုလိုက်ပါ ဆောင်ရွက်ခဲ့သည့် ရှေ့နေတစ်ဦး၊ — အတွင်းရေးမှူး

၆။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(င) ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို အများပြည်သူတို့အတွင်း ပြန့်ပွားစေရန် စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ည) ဥပဒေ အကူအညီပေးရေးလုပ်ငန်း လုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်နိုင်ရန် အသိအမှတ်ပြု အဖွဲ့အစည်းများ လိုက်နာရမည့် လိုအပ်သော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ပေးခြင်း၊

(ဋ) အသိအမှတ်ပြု အဖွဲ့အစည်းများ၏ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊ ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅(ခ)(ဂ)(ဃ)(င)(ဆ)(ဇ)(ဈ)၊ အပိုဒ် ၆ (င)(ည)(ဋ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅(ခ)(ဂ)(ဃ)(င)(ဆ)(ဇ)(ဈ)၊ အပိုဒ် ၆ (င)(ည)(ဋ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၈(ခ)(ဂ)(ဃ)(င)(ဆ)နဲ့ အပိုဒ် ၉ ရဲ့ (ခ)(ဂ)(ဃ)(င)တို့ကို ဆက်လက်တင်ပြပါမယ်။

၈။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (ခ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်မှဒုတိယညွှန်ကြားရေးမှူး ရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဂ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံးမှဒုတိယညွှန်ကြားရေးမှူး ရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဃ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးရာထူးအောက် မနိမ့်သော ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (င) | လူမှုအဖွဲ့အစည်းများနှင့် အစိုးရ မဟုတ်သောအဖွဲ့အစည်းများမှ ဥပဒေဆိုင်ရာအထောက်အကူပေးရေး | အဖွဲ့ဝင်များ |

လုပ်ငန်းများနှင့်စပ်ဆိုင်သည့်အတွေ့အကြုံ၊
ဗဟုသုတရှိသော ကိုယ်စားလှယ်နှစ်ဦး၊

(ဆ) မြန်မာနိုင်ငံတရားလွှတ်တော် အတွင်းရေးမှူး
ရှေ့နေများကောင်စီမှအမည်စာရင်း
တင်သွင်းပြီးတိုင်းဒေသကြီး
သို့မဟုတ်ပြည်နယ်တရားသူကြီးချုပ်က
အတည်ပြုသောတရားလွှတ်တော်
ရှေ့နေအဖြစ်၁၀နှစ်အောက်မနည်း
အမှုလိုက်ပါဆောင်ရွက်ခဲ့သည့်
ရှေ့နေတစ်ဦး။

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(ခ) ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို အများပြည်သူတို့အတွင်း ပြန့်ပွားစေရန် စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ဥပဒေဆိုင်ရာ အထောက်အကူ ပေးသူများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းပါဝင်လာရန် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဃ) ဥပဒေအကူအညီပေးရေး လုပ်ငန်း လုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လိုက်နာရမည့် အသိအမှတ်ပြု အဖွဲ့အစည်းအဖြစ် ခွင့်ပြုပေးသော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ခြင်း၊

(င) အသိအမှတ်ပြု အဖွဲ့အစည်းများ၏ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြီးကြပ်ခြင်း ဆိုတဲ့ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ်၈(ခ)(ဂ)(ဃ)(င)(ဆ)၊ အပိုဒ် ၉ (ခ)(ဂ)(ဃ)(င) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈(ခ)(ဂ)(ဃ) (င)(ဆ)၊ အပိုဒ် ၉ (ခ)(ဂ)(ဃ)(င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၁ (က)(ခ)(ဂ)(ဃ)(င)(စ)နဲ့(ဆ)တို့ရဲ့ ပြင်ဆင်ချက်များကို တင်ပြသွားမှာဖြစ်ပါတယ်။

၁၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မိမိကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အတွင်းရှိ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့များနှင့် ကြီးကြပ်ခြင်းနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) ဥပဒေဆိုင်ရာ အထောက်အကူပေးခြင်းကို အများပြည်သူ ယုံကြည်နားလည် လက်ခံလာစေရန် အသိပညာပေးဆွေးနွေးခြင်း၊

(ဂ) ဥပဒေဆိုင်ရာ အထောက်အကူပေးရာတွင် ဥပဒေဆိုင်ရာ အထောက်အကူပေးသူများ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်း ပါဝင်လာရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ဥပဒေ အကူအညီပေးရေး လုပ်ငန်း လုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ သဘောထားမှတ်ချက်ဖြင့် တင်ပြခြင်း၊

(င) ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို အများပြည်သူတို့အတွင်း ပြန့်ပွားစေရန် စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(စ) အသိအမှတ်ပြု အဖွဲ့အစည်းများ၏ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊

(ဆ) မိမိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အတွင်းရှိ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့များနှင့် ဥပဒေဆိုင်ရာ

အထောက်အကူပေးသူများအတွက် ချီးမြှင့်ငွေနှင့် စရိတ်များရရှိရန် စီစဉ်ဆောင်ရွက်ပေးခြင်း ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် (ဆ)မှာ မိမိဆိုတာ မလိုပါဘူး။ မိမိဆိုတာ ဖျက်လိုက်ပါ။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့ပါ။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၁ (က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၁ (က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၂ (က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၁၃ (က)(ခ)(ဂ)(ဃ)(င)(စ) တို့ကို တင်ပြ ပါမယ်။

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်သည် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | မြို့နယ်အတွင်း အများကယုံကြည်<br>လေးစားပြီး ဂုဏ်သတင်းရှိသော<br>ဥပဒေပညာ တတ်ကျွမ်းနားလည်သူတစ်ဦး | ဥက္ကဋ္ဌ |
| (ခ) | မြို့နယ်အတွင်း ဥပဒေဆိုင်ရာလုပ်ငန်း<br>များနှင့် ပတ်သက်သည့် အတွေ့အကြုံ<br>ရှိပြီး အများက ယုံကြည်လေးစားသည့်<br>ဒေသခံနှစ်ဦး၊ | အဖွဲ့ဝင် |
| (ဂ) | လူမှုအဖွဲ့အစည်းများနှင့် အစိုးရ | အဖွဲ့ဝင် |

မဟုတ်သော အဖွဲ့အစည်းများမှ
ဥပဒေဆိုင်ရာ အထောက်အကူပေးရေး
လုပ်ငန်းများနှင့် ပတ်သက်သည့်
အတွေ့အကြုံ၊ ဗဟုသုတ
ရှိသော ကိုယ်စားလှယ်တစ်ဦး၊

(ဃ) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် အတွင်းရေးမှူး
ဥပဒေချုပ်မှ အမည်စာရင်း
တင်သွင်းပြီး၊ တိုင်းဒေသကြီး
သို့မဟုတ် ပြည်နယ်တရားလွှတ်တော်
တရားသူကြီးချုပ်က အတည်ပြုသော
၃ နှစ်အောက်မနည်း အမှုလိုက်ပါ
ဆောင်ရွက်ခဲ့သည့် ရှေ့နေတစ်ဦး

၁၃။ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာ ပေးမှုများကို အများပြည်သူတို့ အတွင်းပြန့်ပွားစေရန် စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်း၊

(ခ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းများကို အများပြည်သူ ယုံကြည်နားလည် လက်ခံလာ စေရန် အသိပညာပေးဆွေးနွေးခြင်း၊

(ဂ) ဥပဒေဆိုင်ရာ အထောက်အကူပေးရာတွင် ဥပဒေဆိုင်ရာ အထောက်အကူပေးသူများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းပါဝင်လာရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ဥပဒေ အကူအညီပေးရေး လုပ်ငန်းလုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ပြီး အသိအမှတ်ပြု အဖွဲ့အစည်းအဖြစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ သဘောထားမှတ်ချက်ဖြင့် တင်ပြခြင်း၊

(င) ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့၊ ပြည်ထောင်စုနယ်မြေ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့တို့၏ လမ်းညွှန်ချက်များ၊ သတ်မှတ်ချက်များနှင့်အညီ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းများ ဆောင်ရွက် ခြင်း၊

(စ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းများအလိုက် ပါဝင် ဆောင်ရွက်မည့် ဥပဒေဆိုင်ရာ အထောက်အကူပေးသူများအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်ခြင်းနှင့် ကြီးကြပ်ခြင်းဆိုတဲ့ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၂ (က)(ခ) (ဂ)(ဃ)၊ အပိုဒ် ၁၃ (က)(ခ)(ဂ)(ဃ)(င)(စ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၂ (က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၁၃ (က)(ခ)(ဂ)(ဃ)(င)(စ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး၊ (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းရဲ့ အခန်း (၈)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၁၄ (က)၊ အပိုဒ် ၁၆ ခြေဆင်းနဲ့ အပိုဒ် ၁၆ (က)ပြင်ဆင်ချက်များကို ဆက်လက် တင်ပြပါ့မယ်။

အခန်း (၈)

ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏

သက်တမ်းနှင့် အစားထိုးခန့်ထားခြင်း

၁၄။ (က) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှ ငါးနှစ် ဖြစ်သည်။

၁၆။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ဝင်များသည် အောက်ဖော်ပြပါ အခြေအနေများ ပေါ်ပေါက်ပါက အဖွဲ့ဝင် အဖြစ်မှ ရပ်စဲစေရမည် -

(က) ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့၏ သက်တမ်းကုန်ဆုံးခြင်းဆိုတဲ့ ပြင်ဆင်ချက်များကို လွှတ်တော်ကအတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၄ (က)၊ အပိုဒ် ၁၆ ခြေဆင်း၊ အပိုဒ် ၁၆ (က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၁၄ (က)၊ အပိုဒ် ၁၆ ခြေဆင်း၊ အပိုဒ် ၁၆ (က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး၊ (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၈ ခြေဆင်းနဲ့ အပိုဒ် ၁၉ ပြင်ဆင်ချက်များကို တင်ပြပါမယ်။

၁၈။ သက်ဆိုင်သည့် ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့သည် ပုဒ်မ ၁၇ အရ တင်ပြတောင်းခံချက်ကို လက်ခံရရှိသည့်အခါ -

၁၉။ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(ခ)အရ ငြင်းဆိုခြင်းခံရလျှင် ဥပဒေဆိုင်ရာ အထောက်အကူ တောင်းခံခွင့်ရှိသူများသည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်ထံ တင်ပြတောင်းခံနိုင်သည် ဆိုတဲ့ ပြင်ဆင်ချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၈ ခြေဆင်း၊ အပိုဒ် ၁၉ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၈ ခြေဆင်း၊ အပိုဒ် ၁၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး၊ (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥပဒေကြမ်းရဲ့ အပိုဒ် ၂၁(ခ)၊ အပိုဒ် ၂၂ နဲ့ အပိုဒ် ၂၃ ပြင်ဆင်ချက်များကို တင်ပြပါမယ်။

၂၁။ (ခ) ဥပဒေဘွဲ့ မရရှိသော်လည်း တရားစီရင်ရေးလုပ်ငန်း၊ ဥပဒေနှင့် သက်ဆိုင်သော လုပ်ငန်း သို့မဟုတ် ရုံး ဌာနများတွင် အတွေ့အကြုံရှိသူ

၂၂။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီထားသည့် အဖွဲ့အစည်းတစ်ခုခုသည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းများတွင် အသိအမှတ်ပြု အဖွဲ့အစည်းအဖြစ် ပူးပေါင်း ဆောင်ရွက်နိုင်ရန် သက်ဆိုင်သည့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်လို့ ပြင်ဆင် ထားပါတယ်။

၂၃။ သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေး အဖွဲ့သည် ပုဒ်မ ၂၂ အရ လျှောက်ထားချက်ကိုစိစစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့သို့ သဘောထားမှတ်ချက်ဖြင့် တင်ပြရမည်လို့ ဖြည့်စွက်ထားပါတယ်။

ဒီပြင်ဆင်ဖြည့်စွက်ချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၁(ခ)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၁(ခ)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး၊ (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်တွေဖြစ်တဲ့ အပိုဒ် ၂၅ ခြေဆင်း၊ အပိုဒ် ၂၅ (က)၊ အပိုဒ် ၂၆ (က)(ခ)၊ အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၂၇ (ဂ)၊ အပိုဒ် ၃၀နဲ့ အပိုဒ် ၃၂ တို့ကို တင်ပြပါမယ်။

၂၅။ ဥပဒေဆိုင်ရာ အထောက်အကူပေးသူသည် ထိန်းသိမ်း ဖမ်းဆီးခြင်း ခံရသူနှင့်ပတ်သက်၍ -

(က) ရဲစခန်း သို့မဟုတ် အခြားတစ်နေရာ၌ ထိန်းသိမ်း ဖမ်းဆီးခြင်း ခံရသူ၏ မိသားစုများကို အသိပေး အကြောင်းကြားခြင်းနှင့် လိုအပ်ပါက ဤဥပဒေနှင့် အညီ ဥပဒေဆိုင်ရာ အထောက်အကူပေးနိုင်ရန် ဆောင်ရွက်ရမည်။

၂၆။ ဥပဒေဆိုင်ရာ အထောက်အကူပေးသူသည် ပြစ်ဒဏ်ချမှတ်ခံရသော တရားခံနှင့် ပတ်သက်၍

(က) အယူခံမှု၊ ပြင်ဆင်မှုနှင့် အထွေထွေလျှောက်ထားမှုများတွင် လိုအပ်သော ဥပဒေဆိုင်ရာ အထောက် အကူ ပေးရမည်။

( ခ) အချုပ်စခန်း၊ အကျဉ်းထောင် သို့မဟုတ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးနှင့် သက်မွေးပညာသင် စခန်းများသို့ အပို့ခံရသူများ ရထိုက်သည့် သက်သာခွင့် အရပ်ရပ်အတွက် ဥပဒေဆိုင်ရာ အထောက်အကူပေးရမည်။

၂၇။ ဥပဒေဆိုင်ရာ အထောက်အကူပေးသူသည် စွပ်စွဲခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ အကျဉ်းချခြင်း ခံရသူနှင့် ပတ်သက်၍ -

(ဂ) မသန်စွမ်းသူဖြစ်လျှင် ၎င်း၏ ကိုယ်အမူအရာ သို့မဟုတ် ခြေဟန်၊ လက်ဟန်၊ လက်သင်္ကေတပြ ဘာသာစကား၊ လက်စမ်းစာပေကို နားလည်သိရှိသူမှ တစ်ဆင့် ဆောင်ရွက်ရမည်။

၃၀။ ဥပဒေဆိုင်ရာ အထောက်အကူပေးသူများသည် မိမိဆောင်ရွက်သော ဥပဒေဆိုင်ရာ အထောက်အကူ ပြုခြင်းကိစ္စရပ်များကို သက်ဆိုင်ရာ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ အဆင့်ဆင့်သို့ သတ်မှတ်ချက်များနှင့် အညီ တင်ပြရမည်။

၃၂။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာ အထောက်အကူပေးရန် ဆုံးဖြတ်ပါက တရားစွဲမတင်မီနှင့် တရားစွဲတင်ပြီးနောက် မူလရုံးတွင်ဖြစ်စေ၊ အထက်ရုံး အဆင့်ဆင့်တွင်ဖြစ်စေ စွပ်စွဲခံရသူ၊ ပြစ်မှုကျူးလွန်ခံရခြင်းကြောင့် နစ်နာသူနှင့် ပြစ်မှုနှင့် သက်ဆိုင်သော သက်သေများအတွက် ဥပဒေဆိုင်ရာ အထောက်အကူပေးရန် ဥပဒေဆိုင်ရာ အထောက်အကူပေးသူ တစ်ဦးဦးအား တာဝန်ပေးခန့်အပ်ရမည်။ စွပ်စွဲခံရသူ တစ်ဦးထက်ပိုပါက လိုအပ်လျှင် ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့သို့ ခန့်အပ်တာဝန်ပေးနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။ ဒီပြင်ဆင်ချက်များကို အတည်ပြုဆောင်ရွက်ပေးနိုင်ရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နောက်ဆုံးမှာ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ဆိုတဲ့ဥစ္စာ အဖွဲ့ကို ဖြစ်မှာပေါ့၊ ဟုတ်တယ်မဟုတ်လား။

**ဒေါက်တာမြတ်ဉာဏစိုး၊ (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့၊ ဟုတ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၅ ခြေဆင်း၊ အပိုဒ် ၂၅ (က)၊ အပိုဒ် ၂၆ (က)(ခ)၊ အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၂၇ (ဂ)၊ အပိုဒ် ၃၀၊ အပိုဒ် ၃၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၅ ခြေဆင်း၊ အပိုဒ် ၂၅ (က)၊ အပိုဒ် ၂၆ (က)(ခ)၊ အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၂၇ (ဂ)၊ အပိုဒ် ၃၀၊ အပိုဒ် ၃၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ အခန်း(၁၂) အခန်းခေါင်းစဉ်၊ အပိုဒ် ၃၃ ခြေဆင်း၊ အပိုဒ် ၃၃ (က)(ခ)(ဂ)၊ အပိုဒ် ၃၄(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၃၅ (က)(ခ)၊ အပိုဒ် ၃၆ တို့ကို ဆက်လက်တင်ပြပါမယ်။

အခန်း(၁၂)

ရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်း

၃၃။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့သည် ဥပဒေဆိုင်ရာ အထောက်အကူများကိုထိရောက် အောင်မြင်စွာ ပေးနိုင်ရန် ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ထားရှိရမည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့ကခွင့်ပြုသည့် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေများ၊

(ခ) ပြည်တွင်း၊ ပြည်ပရှိ အဖွဲ့အစည်းများနှင့် စေတနာရှင်များ၏ လှူဒါန်း ထောက်ပံ့ငွေများ၊

(ဂ) ရန်ပုံငွေမှ တရားဝင်တိုးပွားငွေများ။

၃၄။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ သည်-

(က) ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စာရင်းပြုစုခြင်း၊ စစ်ဆေးခြင်းတို့နှင့် စပ်လျဉ်း၍ လိုအပ်သောဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်

ရုံးနှင့် ညှိနှိုင်းရေးဆွဲ၍ သတ်မှတ်ပြီး ယင်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်။

(ခ) ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်ကို ရန်ပုံငွေမှ ခွဲဝေပေးနိုင်သည်။

(ဂ) ရန်ပုံငွေနှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ရုံး၏ စစ်ဆေးမှုကို ခံယူရမည်။

(ဃ) ရန်ပုံငွေသုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍ လျှုဒါန်းထောက်ပံ့သည့် ပြည်တွင်း၊ ပြည်ပရှိ အဖွဲ့အစည်းများ၊ စေတနာရှင်များနှင့် အများပြည်သူ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။

၃၅။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်သည်-

(က) ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) အရ ခွဲဝေပေးသော ဘဏ္ဍာငွေကို သုံးစွဲရာတွင် သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီသုံးစွဲပြီး စာရင်းဇယားမှတ်တမ်းများကို လှူဒါန်း ထောက်ပံ့သည့် ပြည်တွင်း၊ ပြည်ပရှိ အဖွဲ့အစည်းများ၊ စေတနာရှင်များနှင့် အများ ပြည်သူထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်၊

(ခ) သက်ဆိုင်ရာစာရင်းစစ်ရုံး၏ စစ်ဆေးမှုကို ခံယူရမည်။

၃၆။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်တွင် တာဝန်ပေးအပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်း မဟုတ်သော အဖွဲ့ဝင်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဥပဒေဆိုင်ရာ အထောက်အကူ ပေးသူများအတွက် ချီးမြှင့်ငွေနှင့် စရိတ်များကို ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့က ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည် အဆိုပါ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၃၄(က)မှာ ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စာရင်းပြုစုခြင်း၊ စစ်ဆေးခြင်းတို့နှင့် စပ်လျဉ်း၍ လိုအပ်သောဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲ၍ "၍" တစ်လုံးပိုနေတယ်။ ညှိနှိုင်းရေးဆွဲသတ်မှတ်ပြီး၊

**ဒေါက်တာမြတ်ဉာဏစိုး၊ (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့ပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၂)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၃၃ ခြေဆင်း၊ အပိုဒ် ၃၃ (က)(ခ)(ဂ)၊ အပိုဒ် ၃၄(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၃၅ (က)(ခ)၊ အပိုဒ် ၃၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၂)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၃၃ ခြေဆင်း၊ အပိုဒ် ၃၃ (က)(ခ)(ဂ)၊ အပိုဒ် ၃၄ (က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၃၅ (က)(ခ)၊ အပိုဒ် ၃၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ အပိုဒ် ၃၇ (က)(ခ)(ဂ)(ဃ)နဲ့ (င) တို့ကို တင်ပြပါမယ်။

၃၇။ ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့သည် -

(က) ဥပဒေဆိုင်ရာ အထောက်အကူပေးသူများနှင့် စပ်လျဉ်း၍ ဥပဒေအထောက်အကူပေးသူများအား အသိအမှတ်ပြုလွှာ ပေးအပ်ရာတွင် လိုအပ်သော စည်းကမ်းချက်များ သတ်မှတ်ထားရှိရမည်။

(ခ) ဥပဒေဆိုင်ရာ အထောက်အကူပေးသူများက ဥပဒေ အထောက်အကူ တောင်းခံသူများထံမှ အခကြေးငွေ သို့မဟုတ် အကျိုးအမြတ်တစ်စုံတစ်ရာ တောင်းခံခြင်း မရှိစေရန် ကြီးကြပ်ရမည်။

(ဂ) ဥပဒေဆိုင်ရာ အထောက်အကူပေးသူများအနေဖြင့် အဂတိလိုက်စားမှု မရှိစေရန် ကြီးကြပ်ရမည်။

(ဃ) ဥပဒေဆိုင်ရာ အထောက်အကူ ပေးသူများက ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့ပါ အချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်သည်ဟု သတင်းရရှိလျှင် ထိုသူအား ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက် အကူပေးရေးအဖွဲ့က တာဝန်ပေးအပ်သော ဥပဒေ ဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့အဆင့်ဆင့်မှ ပုဂ္ဂိုလ်သုံးဦး ပါဝင်သည့် အဖွဲ့ဖြင့် စုံစမ်းစစ်ဆေး တင်ပြစေရမည်။

(င) ပုဒ်မခွဲ(ဃ)ပါ စုံစမ်းစစ်ဆေးပေါ်ပေါက်ချက်အရ ယင်းဥပဒေဆိုင်ရာ အထောက်အကူပေးသူအား အရေးယူနိုင်ရန် ဆောင်ရွက်ရမည်လို့ ပြင်ဆင်ထားပါတယ်။ အဆိုပါ ပြင်ဆင်ချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၇ (က)(ခ)(ဂ)(ဃ)(င) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၇ (က)(ခ)(ဂ)(ဃ)(င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ အပိုဒ် ၃၈၊ အပိုဒ် ၄၀ ၊ အပိုဒ် ၄၃၊ အပိုဒ် ၄၆၊ အပိုဒ် ၄၈(က) တို့ကို တင်ပြပါမယ်။

၃၈။ တရားရုံး၊ ဥပဒေရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးဌာန နှင့်တရားစွဲအဖွဲ့အစည်းများသည် ဥပဒေဆိုင်ရာ အထောက်အကူ တောင်းခံခွင့်ရှိသူများအတွက် ဥပဒေဆိုင်ရာ အထောက်အကူ ရရှိရန် သက်ဆိုင်ရာဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၄၀။ ပြည်ထောင်စုတရားသူကြီးချုပ်သည် ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့ အဆင့်ဆင့်အတွက် လိုအပ်သည့် ဝန်ထမ်းအဖွဲ့အစည်း အသီးသီးကို ဝန်ထမ်းဖွဲ့စည်းပုံရေးဆွဲ တင်ပြ၍ ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်း ဆောင်ရွက်နိုင်သည်။

၄၃။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့်စပ်လျဉ်း၍ လိုအပ်လျှင် စာချွန်တော်အမိန့် လျှောက်ထားရာ၌ အကူအညီ ပေးရမည်။

အသစ်ဖြည့်စွက်ချက်-

၄၆။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်သည် အစည်းအဝေးများကို သတ်မှတ်ချက်များနှင့် အညီကျင်းပရမည်။

၄၈။ ဤဥပဒေပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကိုထုတ်ပြန်နိုင်သည် ဒီပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၈၊ အပိုဒ် ၄၀ ၊ အပိုဒ် ၄၃၊ အပိုဒ် ၄၆၊ အပိုဒ် ၄၈ (က) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၈၊ အပိုဒ် ၄၀ ၊ အပိုဒ် ၄၃၊ အပိုဒ် ၄၆၊ အပိုဒ် ၄၈(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်ချက်များကို တင်ပြပါမယ်။

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်းရဲ့ အခန်း(၄)၊ အပိုဒ် ၅(ဆ)၊ အခန်း (၅)၊ အပိုဒ် ၈(င)၊

အခန်း(၇)၊ အပိုဒ် ၁၂(ခ)(ဃ)၊ အပိုဒ် ၁၃ (ဇ)

အခန်း(၉)၊ အခန်းတစ်ခန်းလုံးနှင့်

အခန်း (၁၂)၊ အပိုဒ် ၃၆ တို့ကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။ ဒီ ပယ်ဖျက်ချက်များကို အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး၊ (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်များကို တင်ပြပါမယ်။ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ဥပဒေကြမ်းရဲ့ ဥပဒေကြမ်းခေါင်းစဉ်၊

အခန်း(၁)၊ အပိုဒ် ၂ (က)(ခ)(ည)(ဋ)၊

အခန်း(၂)၊ အပိုဒ် ၃ (က)(ခ)(ဂ)(ဃ)(စ)(ဆ)(ဇ)၊

အခန်း(၃)၊ အပိုဒ် ၄ (က)(ခ)(ဂ)(ဃ)(င)(ဆ)(ဇ)(ဈ)၊

အခန်း(၄)၊ အပိုဒ် ၅ (က)၊ အပိုဒ် ၆ (က)(ခ)(ဂ)(ဃ)(စ)(ဆ)(ဇ)(ဈ)(ဌ)(ဍ)၊

အခန်း(၅)၊ အပိုဒ် ၇၊ အပိုဒ် ၈ (က)(စ)၊ အပိုဒ် ၉(က)(စ) အခန်း(၆)၊ အပိုဒ် ၁၀(က)(ခ)

အခန်း(၈)၊ အပိုဒ် ၁၄ (ခ)၊ အပိုဒ် ၁၅ (က)(ခ)၊ အပိုဒ် ၁၆ (ခ)(ဂ)(၁)(၂)(ဃ)(င)(စ) နှင့်

အမှတ်စဉ်ပြောင်းလဲထားတဲ့

အခန်း(၉)၊ အပိုဒ် ၁၇ ၊ အပိုဒ် ၁၈ (က)(ခ)

အခန်း(၁၀)၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁ (က)၊ အပိုဒ် ၂၄

အခန်း(၁၁)၊ အပိုဒ် ၂၅ (ခ)(ဂ)(ဃ)၊ အပိုဒ် ၂၇(က)(ခ)၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉

အခန်း (၁၂)၊ အခန်း (၁၃)၊

အခန်း (၁၄)၊ အပိုဒ် ၃၉၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အပိုဒ် ၄၇၊ အပိုဒ် ၄၈(ခ) တို့ကို အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် သဘောတူ လက်ခံထားသဖြင့် လည်းကောင်း၊ ယင်းဥပဒေနှင့်

စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့ အတွက်လည်းကောင်း၊ ပင်စင်အက် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည် ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်၏ အတည်ပြု ချက်အတိုင်း ထားရှိရန်-

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းသည် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည် ဖြစ်သည်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ငွေစုဘဏ်လုပ်ငန်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာ ခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။ဥပဒေကြမ်းကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဒေါက်တာမြတ်ဥာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ဖြစ်တဲ့ အပိုဒ်(၃)ကို တင်ပြပါမယ်။

၃။ ငွေစုဘဏ် လုပ်ငန်း ဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ(ဃ)တွင် ဖော်ပြထားသော သမဝါယမ အသင်းများဆိုသည့် စကားရပ်ကို ငွေစုငွေချေး သမဝါယမအသင်းများ ဆိုသည့်စကားရပ်ဖြင့် အစား ထိုးရမည်။ ဒီပြင်ဆင်ချက်ကိုအတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၄ ကို တင်ပြပါ့မယ်။

၄။ ငွေစုဘဏ်လုပ်ငန်းဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(င)တွင် ဖော်ပြထားသော အသင်းအဖွဲ့များဆိုသည့် စကားရပ်ကို အသင်းအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။ ဒီပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၆ ကိုတင်ပြပါ့မယ်။

၆။ ငွေစုဘဏ်လုပ်ငန်းဥပဒေ ပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည်။

၁၂။ ငွေစုသူသည် မိမိအကျိုးခံစားခွင့် လွှဲအပ်ထားခြင်း ခံရသူများ၏ အမည်စာရင်းကို ပြင်ဆင်လိုပါက သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ ငွေစုဘဏ်သို့ တင်ပြလျှောက်ထားနိုင်သည်။ ဒီပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၈ ကို တင်ပြပါ့မယ်။

၈။ ငွေစုဘဏ်လုပ်ငန်းဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဂ)ကို အောက်ပါ အတိုင်း အစားထိုးရမည် -

(ဂ) အကျိုးခံစားခွင့် လွှဲအပ်ထားခြင်း မရှိသော ငွေစုသူ သေဆုံးပါက စုငွေ လက်ကျန်ကို အမွေထိန်းစာလက်မှတ် သို့မဟုတ် အမွေဆက်ခံခွင့်လက်မှတ် တင်ပြရန်မလိုဘဲ ငွေစုဘဏ်မှ သတ်မှတ်ထားသည့် လိုအပ်သည့် စာရွက်စာတမ်းများ တင်ပြနိုင်သူ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ တရားဝင် မွေးစားထားသော သားသမီး သို့မဟုတ် ယင်းတို့မရှိလျှင် မြေး သို့မဟုတ် ယင်းတို့ မရှိလျှင် မိဘ၊ ညီအစ်ကို၊ မောင် နှမအား ထုတ်ပေးရမည်ဟု ပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၈ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၉ ကို တင်ပြပါမယ်။

၉။ ငွေစုဘဏ်လုပ်ငန်းဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဂ)၏ နောက်တွင် ပုဒ်မခွဲ(ဂ-၁)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဂ-၁) သေဆုံးသွားသည့်ငွေစုသူတွင် ဇနီး၊ ခင်ပွန်း၊ သားသမီး၊ တရားဝင်မွေးစားထားသော သားသမီး၊ မြေး၊ မိဘ၊ ညီအစ်ကို၊ မောင်နှမ မရှိလျှင် အခြားသူများက တောင်းခံပါက အမွေထိန်းစာလက်မှတ် သို့မဟုတ် အမွေဆက်ခံခွင့် လက်မှတ် တင်ပြနိုင်သူကိုသာ ငွေထုတ်ပေးရမည်။

